**Covenant Reformed News – Volume (1), Issue (3)**

**ပဋိညာဉ် ရီဖော့မ် သတင်း - အတွဲ (၁)၊ အမှတ် (၃)**

# Human Responsibility

## လူသား တာဝန်။

ဘုရားသခင်သည် ဖြစ်ပျက်သမျှ (ကောင်းကင်တမန်များ၊ နတ်ဆိုးများနှင့် လူများ၏ လုပ်ဆောင်ချက်များ အပါအဝင်) ကို ထိန်းချုပ်ပြီး အကြွင်းမဲ့အချုပ်အခြာအာဏာပိုင် ဖြစ်တော်မူပါက လူသားသည် သူလုပ်သမျှအတွက် တာဝန်ရှိသည်ဟု မပြောနိုင်ပါ။ အကယ်၍ ဘုရားသခင်သည် ငါ့ကို ဤကဲ့သို့လုပ်ခိုင်းသည်ဟု ပြောလို့မရပါတကား။ တစ်နည်းနည်းနဲ့ တချို့လူတွေပြောသကဲ့သို့၊ ဘုရားသခင်သည် လူသားတာဝန်ကို ထိန်းသိမ်းဖို့အတွက် သူ့၏အချုပ်အခြာအာဏာ တစ်စိတ်တစ်ပိုင်းကို စွန့်လွှတ်ခဲ့သည်ဟု သင်ပေးရမည်။ ဤအငြင်းအခုံသည် ဖန်ဆင်းခြင်းကဲ့သို့ ရှေးကျပါသည်။ အာဒံ အပြစ်ထဲ ကျရောက်ပြီးနောက် ဘုရားသခင်သည် သူ့ကိုရင်ဆိုင်တဲ့အခါတွင် အာဒံက ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူရှိစေခြင်းငှါပေးတော်မူသော မိန်းမသည် အပင်၏အသီးကိုပေး၍ အကျွန်ုပ်စားပါသည်ဟု ကြေငြာခဲ့သည် (ကမ္ဘာဦး ၃:၁၂)။ အာဒံ ဘာပြောသနည်း။ သူသည် အပြစ်ကင်းသည်ဟု ဝန်ခံပြီး ဘုရားသခင်ကို လက်ညှိုးထိုးပြခဲ့သည်။ ဘုရားသခင်သည် အချုပ်အခြာအာဏာပိုင်ဖြစ်သည်။ ဧဝကို အာဒံဆီ ပေးခဲ့သည် - ထို့ကြောင့် အာဒံသည် တာဝန်မရှိဘူးလို့ ယူဆလို့ မရပေ။

သို့သော်၊ ဤအငြင်းအခုံသည် ဘုရားသခင်ကို "ရေနဲ့ထိန်း" မထားပါ။ အာဒံ၏အပြစ်ကြောင့် သေခြင်းကျိန်စာကို သူထမ်းဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် အာဒံကို အပြည့်အဝတာဝန်ယူစေခဲ့သည်။ ဤကဲ့သို့ အမြဲတမ်းဖြစ်နေပါသည်။ ဘုရားသခင်သည် အရာအားလုံးကို ဆုံးဖြတ်ပြီး အုပ်ချုပ်တော်မူသည်။ ကိုယ်ကျင့်တရားနဲ့ ဆင်ခြင်တုံတရားရှိသော သတ္တဝါများ၏ဘဝတွင်လည်း ဖြစ်သည်။ သို့သော်၊ လူသားသည် သူ့၏လုပ်ရပ်များအတွက် အပြည့်အဝတာဝန်ရှိသည်။ ကျမ်းစာတွင်လည်း ဥပမာတွေ ပေးထားပါသည်။ ယောသပ်၏အစ်ကိုများသည် သူ့ကို ကျွန်အဖြစ် အီဂျစ်ပြည်သို့ ရောင်းစားခဲ့ကြသည်။ နောက်ပိုင်းတွင် သူတို့သည် သူ့အား ခွင့်လွှတ်ရန် တောင်းဆိုကြသောအခါ ယောသပ်သည် သင်တို့မူကား ငါ့ကို မကောင်းသောအကြံကို ကြံစည်ကြ၏။ ဘုရားသခင်သည် ယနေ့ပင် ဖြစ်ပျက်နေသည်အတိုင်း လူများစွာကို အသက်ရှင်စေခြင်းငှာ ကျေးဇူးပြု၍ ကြံစည်တော်မူ၏ဟုပြောခဲ့သည် (ကမ္ဘာဦး ၅၀:၂၀)။ ဘုရားသခင်သည် ယောသပ်၏အစ်ကိုများ၏ လုပ်ရပ်

များအတွက် သူတို့ကိုယ်တိုင် အပြစ်ရှိကြောင်း ဝန်ခံခဲ့ကြသည့်အတိုင်း သူတို့ကိုယ်တိုင် အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်သည် ကောင်းမွန်သော်လည်း အစ်ကိုများသည် ကြီးလေးသောအပြစ်အတွက် အပြစ်ရှိသည်ဟု စီရင်ခံခဲ့ရသည်။

ဘုရားသခင်၏ အချုပ်အခြာ အာဏာတော်၏အထွတ်အထိပ် ဥပမာကို ယေရှု၏လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတွင် မြင်တွေ့ နိုင်သည်။ ပေတရုသည် ပင်တေကုတ္တေပွဲ (တမန်တော်ဝတ္ထု ၂:၂၃) တွင် ဘုရားသခင်၏ ခိုင်မာသော အကြံအစည်နှင့် ကြိုသိတော်မူသော ဥာဏ်အားဖြင့် ကယ်လွှတ်တော်မူသောကြောင့် သင်တို့သည် မတရားသော လက်ဖြင့် လက်ဝါးကပ်တိုင်မှာ ရိုက်သတ်ကြပြီ ဟု ပြောခဲ့သည် (တမန်တော်ဝတ္ထု ၂:၂၃)။ လက်ဝါးကပ်တိုင်မှာ ရိုက်သတ်ခြင်းနှင့် ပြုလုပ်ပုံနှစ်မျိုးလုံးကို ဘုရားသခင် ဆုံးဖြတ်ခဲ့သည်။ ယင်းသည် ကိုယ်တော်၏ လက်ဝါးကပ်တိုင်မှာ ရိုက်သတ်သူများကို ခွင့်လွှတ်ခြင်း မဟုတ်ပါ။ ဤ ကြောက်မက်ဖွယ်ကောင်းသော အမှုကိုပြီးမြောက်စေသည်မှာ သူတို့၏ မတရားသော လက်များပင် ဖြစ်သည်။ သူတို့တွင် အပြည့်အဝ တာဝန်ရှိသည်။

ဘုရားသခင်သည် အရာခပ်သိမ်းကို မည်ကဲ့သို့ အကြွင်းမဲ့ဆုံးဖြတ်ပြီး လမ်းညွှန်သည်ကို ကျွန်ုပ်တို့ အပြည့်အဝ နားလည်ကြပါသလား - သို့သော် ထိုလူသားသည် တာဝန်ရှိသည်ဟု ယူဆရပါသလား။ မဟုတ်ပါ။ ကျမ်းစာသည် ၎င်းကို သွန်သင်ပြီး ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့ ယုံကြည်ကြသည်။

ထို့ကြောင့်၊ ကျမ်းစာတွင် ၎င်း၏ အမိန့်ပါရှိသည် (ကမ်းလှမ်းခြင်းမဟုတ်ဘဲ)၊ "နောင်တရ၍ သင်တို့အားလုံးသည် ယေရှုခရစ်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်၏ ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်" (တမန်တော်ဝတ္ထု ၂:၃၈)။ ဘုရားသခင်သည် အချုပ်အခြာ အာဏာပိုင်ဖြစ်သောကြောင့် ၎င်းတို့၏တုံ့ပြန်မှုအတွက် တာဝန်မရှိ ကြောင်း ဘုရားသခင်ရှေ့တော်၌ မည်သူမျှတောင်းပန်၍မရပါ။ ထိုအမိန့်သည် ယနေ့တိုင် ကျွန်ုပ်တို့ထံ အပြည့်အဝသက်ရောက်နေဆဲဖြစ်သည်။ နောင်တမရဘဲ မယုံကြည်သူသည် ကျိန်ခြင်းခံရလိမ့်မည်။ ယုံကြည်သူအပေါင်းတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည် (မာကု ၁၆:၁၆)။

ကြီးစွာသော တရားစီရင်ရာနေ့တွင် ယေရှုကိုယ်တော်တိုင် ထိုသို့မိန့်တော်မူလိမ့်မည်။

**Not Willing That Any Should Perish**

**မည်သူ့ကိုမျှ ပျက်စီးစေလို ခြင်းမရှိပါ။**

"ထာဝရဘုရားသည် ငါတို့အပေါ် စိတ်ရှည်တော်မူ၏။ အဘယ်သူမျှ ပျက်စီးခြင်းသို့ မရောက်ဘဲ၊ ရှိသမျှတို့သည် နောင်တရစေခြင်းငှာ အလိုတော်ရှိတော်မူ၏။" (၂ ပေတရု ၃:၉)

ကျမ်းစာထဲမှ ကျမ်းပိုဒ်တချို့ကို မှားယွင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ ဘယ်လောက်တောင် ယေဘုယျလက်ခံလာကြလဲဆိုလျှင်၊ မည်သူမှ တခြားရှင်းလင်းချက်ကိုတောင် မစဉ်းစားကြဘဲ မှားယွင်းသောရှင်းလင်းချက်သည် မှန်ကန်သည်ဟူ၍ မတွေးဘဲ၊ ယူဆနေခြင်းသည် အံ့သြစရာပင် ဖြစ်သည်။

၂ ပေတရု ၃:၉ ၏ ရှင်းလင်းချက်လည်း ထိုနည်းငှင်းပင်ဖြစ်သည်။

ဤအခန်းငယ်သည် ဧဝံဂေလိတရား၏ ရည်ရွယ်ချက်ကောင်းကို သွန်သင်ပေးသည်ဆိုသော အချက်ကို လူတိုင်းနီးပါး လက်ခံ ကြပါသည်။ ဆိုလိုသည်မှာ ဤကျမ်းချက်၌ ဘုရားသခင်သည် လူသားအားလုံး၏ ကယ်တင်ခြင်းကို လိုလားသည်ဟု သွန်သင်ပါသည်။ ကျမ်းချက်သည် မည်သူမှ ပျက်စီးခြင်းသို့ မရောက်စေလိုဘဲ လူအားလုံး နောင်တရစေဖို့ရန်ဟု ဆိုထားပါသည်။ ဘုရားသခင် သည် မည်သူ့ကိုမှ ပျက်စီးခြင်းသို့ မရောက်စေလိုဘဲ လူတိုင်း နောင်တရစေချင်သည်ဟု ကျမ်းချက် သည် ရှင်းရှင်းလင်းလင်း မပြောထားပါသလား။

သို့သော်၊ ကျမ်းချက်က ဘုရားသခင်သည် လူခပ်သိမ်းကို ကယ်တင်ခြင်းသို့ ရောက်စေလို တော်မူ၏ဟု တကယ်ပြောပါသလား။ ကျမ်းချက်ကို သေချာစွာဖတ်ရှုခြင်းအားဖြင့် ပေတရု (နှင့် သန့်ရှင်းသောဝိညာဉ်တော်) သည် ထိုသို့သောအရာကို မရည်ရွယ်ကြောင်း သေချာပေါက် ပြသပါ လိမ့်မည်။

ဤအချက်ကို အချက်အတော်များများက ရှင်းရှင်းလင်းလင်း သက်သေပြပါလိမ့် မည်။

ပထမဦးစွာ၊ ပေတရုသည် မတရားသောသူတို့ထံ မဟုတ်ဘဲ ဘုရားသခင်၏လူများထံ ရေးသားနေကြောင်း သတိရသင့်သည် - ဘုရားသခင်နှင့် ငါတို့၏ကယ်တင်ရှင် ယေရှုခရစ်၏ ဖြောင့်မတ်ခြင်းအားဖြင့် ငါတို့နှင့်အတူ အဖိုးတန်ယုံကြည်ခြင်းကို ရရှိခဲ့သည် (၁:၁)။ ဤသည်မှာ ဘုရားသခင်သည် ငါတို့နှင့်အတူ အဖိုးတန်ယုံကြည်ခြင်းကို ရရှိခဲ့သူများ ပျက်စီးခြင်းသို့ မရောက် စေလိုကြောင်း ပေတရု ပြောဆိုနေကြောင်း အခိုင်အမာ ညွှန်ပြနေပါသည်။

ဒုတိယအချက်အနေဖြင့်၊ ပေတရုသည် ခရစ်တော်ကြွလာခြင်းကို ငြင်းပယ်သော ပြက်ရယ်ပြုသူများ (၃:၃) အကြောင်း ပြောတော်မူသည်။ သူရေးသည့်စာစောင်များထဲတွင် တချို့သည် ဤပြက်ရယ်ပြုသူများ မှန်ကန်သည်ဟု ယုံကြည်သွားမည်ကို သူစိုးရိမ်နေပါသည်။ ပေတရု ရေးသားခဲ့သည့် အများအပြားသည် သခင်ဘုရား မည်သည့်အချိန်မဆို ပြန်ကြွလာမည်ဟု မျှော်လင့်ခဲ့ကြသည့်အတွက် ဤအန္တရာယ်သည် ပို၍ မှန်ကန်ပါသည်။ သခင်ဘုရား ပြန်မကြွလာဆိုသည်မှာ ဘုရားသခင်၏လူမျိုးအတွက် ကြီးမားသည့်စိတ်ပျက်စရာဖြစ်ပြီး ပြက်ရယ်ပြုသူများသည် ယုံကြည်ခြင်း၏ အန္တရာယ်ကို ဖွင့်ပေးသကဲ့သို့ဖြစ်သည်။

တတိယအချက်အနေဖြင့်၊ ပေတရုသည် ခရစ်တော် အမြန်ဆုံးကြွလာမည်ဆိုသည်ကို ဘုရားသခင့်လူမျိုးတော်အား အာမခံချင်ပါသည်။ ထာဝရဘုရားနှင့်အတူ တစ်ရက်သည် အနှစ်တစ်ထောင်ကဲ့သို့၎င်း၊ အနှစ်တစ်ထောင်သည် တစ်ရက်ကဲ့သို့၎င်း (၃:၈)။ ထာဝရဘုရားသည် မိမိကတိတော်နှင့်ပတ်သက်၍ နှောင့်နှေးတော်မမူ (၃:၉)။ ကိုယ်တော်သည် တတ်နိုင်သမျှ မြန်မြန်ကြွလာတော်မူ၏။ သို့သော် ဘုရားသခင်သည် သန့်ရှင်းသူများထင်သလောက် မြန်မြန်ကြွလာနိုင်မည်မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် မမွေးဖွားသေးသော သန့်ရှင်းသူ သန်းပေါင်းများစွာရှိပြီး ကယ်တင်ခြင်းခံရရန်လည်း လိုအပ်သောကြောင့်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အတွက် ကိုယ်တော်နှောင့်နှေးနေသကဲ့သို့ ထင်ရသော်လည်း အမှန်တကယ်တွင် ကိုယ်တော် မကြွပါ။

စတုတ္ထအချက်အနေဖြင့်၊ ကျမ်းပိုဒ်ကိုယ်တိုင်က ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် စိတ်ရှည်တော်မူကြောင်း ဖော်ပြထားသည်။ ဘုရားသခင်သည် လူသားအားလုံးအပေါ် စိတ်ရှည်ခြင်းမဟုတ်ဘဲ အဖိုးတန်ယုံကြည်ခြင်းကို ရရှိထားသော ကျွန်ုပ်တို့အပေါ်၌သာ စိတ်ရှည်တော်မူသည်။ ဘုရားသခင်၏ ဤစိတ်ရှည်ခြင်းသည် (ကျွန်ုပ်တို့) မည်သူမျှ မပျက်စီးစေရန်၊ (ကျွန်ုပ်တို့အားလုံး) နောင်တရစေရန် ကိုယ်တော်၏ ဆန္ဒတော်တွင် ထင်ရှားသည်။

ပဥ္စမအချက်အနေဖြင့်၊ စာသားတွင်ပါရှိသော "willing" ဟူသောစကားလုံးသည် ဂရိဘာသာစကားတွင် ဘုရားသခင်သည် ကယ်တင်ခြင်းခံရရန် သတ်မှတ်ထားသော လူအရေအတွက်ကို ရွေးကောက်တော်မူသည့် ဘုရားသခင်၏ထာဝရအကြံဉာဏ်ကို ရည်ညွှန်းသည့် စကားလုံးဖြစ်သည်။ ဤသူတို့သည် ပျက်စီးခြင်းသို့မရောက်စေရန်၊ နောင်တရစေရန် "အလိုရှိတော်မူ၏။"

နောက်ဆုံးအနေဖြင့်၊ ဘုရားသခင်၏ စိတ်ရှည်ခြင်းဆိုသည်မှာ လူအားလုံးအပေါ် ဘုရားသခင်၏ သဘောထားကို ရည်ညွှန်းလို့မရပါ၊ အဘယ်ကြောင့်ဆိုသော်၊ ဤအခန်းကြီး၏ အခန်းငယ် ၁၅ တွင် ပေတရုသည် ငါတို့သခင်၏ စိတ်ရှည်ခြင်းသည် ကယ်တင်ခြင်းဖြစ်သည်ဟု မှတ်ယူကြလော့ လို့ ပြောထားခြင်းဖြစ်သည်။ စိတ်ရှည်ခြင်းသည် လူသားအားလုံးအတွက်ဖြစ်ပြီး စိတ်ရှည်ခြင်းသည်

ကယ်တင်ခြင်းဖြစ်ပါက၊ လူသားအားလုံးသည် နောက်ဆုံးတွင် ကယ်တင်ခြင်းခံရကြမည်ဖြစ် သည်။ အလစ်ဘရယ်အရှိဆုံး တစ်ကမ္ဘာလုံးဆိုင်ရာဝါဒီသာ ယုံကြည်သည်။

ဤကျမ်းပိုဒ်သည် ကမ္ဘာပေါ်ရှိ ဘုရားသခင်၏လူများအတွက် နှစ်သိမ့်မှုကြီးတစ်ခုဖြစ်သည်။ ဘုရားသခင်သည် အသင်းတော်ကိုကယ်တင်ရန် ခရစ်တော်ကိုစေလွှတ်မည်ဟူသော ကတိတော်ကို ပြည့်စုံစေရန် နှောင့်နှေးခြင်းမရှိကြောင်း သွန်သင်သည်။ ခရစ်တော်သည် အမြန်ဆုံးကြွလာတော်မူ၏။

ကျွန်ုပ်တို့ အထူးသဖြင့် မကောင်းမှုပြုသူများလက်ထဲတွင် ဒုက္ခခံစားနေရစဉ် ဘုရားသခင်သည် ကျွန်ုပ်တို့အပေါ် စိတ်ရှည်သည်းခံတော်မူ၏။ ဝေဒနာနှင့် ဝေဒနာကို သိသော်လည်း ၎င်းသည် ကျွန်ုပ်တို့၏ကောင်းကြီးကတွက်ဖြစ်ကြောင်း သိလျက်နှင့် ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ဒုက္ခခံတော်မူ၏။ ကျွန်ုပ်တို့၏ ဒုက္ခဆင်းရဲများကို မသိမသာ ခံရသည်မဟုတ်။

သို့သော်၊ အသင်းတော်ဝင်တိုင်း ကယ်တင်ခြင်းခံရမည်။ သူတော်စင်တိုင်း နောင်တရမှသာ ခရစ်တော်ကြွလာ လိမ့်မည်။ ဤအရာအပေါ် ဘုရားသခင်အလိုတော်ရှိသည်။ ယခု ကမ္ဘာပေါ်ရှိ ရွေးကောက်ခံရသူတိုင်းနှင့် မွေးဖွားလာမည့် ရွေးကောက်ခံရသူတိုင်းကို နောင်တရစေရမည်။ သို့သော် နောက်ဆုံးရွေးကောက်ခံရသူ မွေးဖွားပြီး နောင်တရသောအခါ ခရစ်တော်သည် အသင်းတော်တစ်ခုလုံးကို ဘုန်းအသရေသို့ ဆောင်ယူရန် ကြွလာတော်မူ၏။ ရွေးကောက်ခံရသူတိုင်း ကယ်တင်ခြင်းခံရမည်၊ သို့မဟုတ် ရွေးကောက်ခံရသူ မည်သူမျှ ကယ်တင်ခြင်းမခံရနိုင်ပါ။ အသင်းတော်သည် ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်ပြီး အပြည့်အဝ ကယ်တင်ခြင်းခံရသည်ဖြစ်စေ၊ လုံးဝမကယ်တင်ခြင်းခံရသည်ဖြစ်စေ။

ဒါကြောင့် ကျွန်ုပ်တို့တွင် ဒုက္ခဆင်းရဲတွေကြား၌ ကြံ့ကြံ့ခံရပ်တည်ဖို့ရန် ကြီးမားတဲ့ လှုံ့ဆော်မှု ရှိပါသည်။ ပါမောက္ခ ဟန်ကို (**Prof. Hanko**)

## For All Men?

## လူသား အားလုံးအတွက်လား။

ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်းသည် သင့်အသက်တာတွင် ရှင်သန်နေပါသလား။ သင့်အသင်းတော်၌လား။ ကျွန်ုပ်တို့သည် "ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်းသည် ရှင်သန်နေဆဲဖြစ်သည်..." သီချင်းကို သီဆိုကြပြီး ယုံကြည်ခြင်းသည် ရှင်သန်နေသည်မှာ သေချာပါသည်။ သို့သော်

မေးခွန်းတွင် "ထိုယုံကြည်ခြင်းသည် ဘယ်မှာ ရှင်သန်ပြီး ဝန်ခံထားသနည်း" နှင့် "ကွန်ပ်တို့ ဘိုးဘေး များ၏ယုံကြည်ခြင်းကား အဘယ်နည်း" ဖြစ်သည်။ ၎င်းကို လွန်ခဲ့သောနှစ်ပေါင်း ၃၅၀ ကျော်က Dordt (နယ်သာလန်နိုင်ငံ) တွင် ကွန်ပ်တို့၏ အသင်းတော်ဘိုးဘေးများက ဖော်ပြခဲ့ကြသည်။ ကွန်ပ်တို့ဘိုးဘေးများသည် သမ္မာကျမ်းစာသွန်သင်ခဲ့သည်များကို မှတ်မိစေရန် TULIP ဟူသော စကားလုံးကို ကွန်ပ်တို့အသုံးပြုပါသည်။

**T - Total Depravity - အကြွင်းမဲ့ ပျက်စီးခြင်း။**

**U- Unconditional Election - အခြေအနေပေါ်မမူတည်သော ရွေးကောက်ခြင်း။**

**L- Limited Atonement - အကန့်အသတ် အပြစ်ဖြေခြင်း။**

ယနေ့ခေတ်တွင် လူအများသည် ဝေးလံသောဒေသများသို့ အရေးတကြီး သယ်ဆောင်လာနေသော ဧဝံဂေလိတရားတော်ကြီးမှာ ခရစ်တော်သည် ကိုယ်တော်၏အသေခံခြင်းဖြင့် အပြစ်ဖြေခြင်းကိုပြုတော်မူခြင်းပင်ဖြစ်သည်။ သို့သော်၊ ဤသတင်းစကားသည် ဧဝံဂေလိတရားတော်ကို ဆက်လက်သယ်ဆောင်ခြင်း မရှိတော့သည့် အလွန်ဆိုးရွားသော အချက်နှစ်ချက်ရှိသည်။

ပထမဆုံး ပုံပျက်ခြင်းသည် ခရစ်တော်၏ အသေခံခြင်း၏ အကျိုးသက်ရောက်မှုနှင့် သက်ဆိုင်သည်။ အပြစ်ဖြေခြင်းဆိုင်ရာ သမ္မာကျမ်းစာ အမှန်တရားမှာ ကိုယ်တော်၏ အသေခံခြင်းသည် အပြစ်များအတွက် ပေးဆပ်ခဲ့သည်။ သို့သော် ယနေ့ခေတ်တွင် လူအတော်များများက ခရစ်တော်၏ အသေခံခြင်းသည် ကွန်ပ်တို့လိုက်နာရန် စံနမူနာတစ်ခုသာဖြစ်ပြီး၊ လူတစ်ဦးသည် ကိုယ်တော်၏ စံနမူနာကို လိုက်လျှောက်ပါက ကယ်တင်ခြင်းရလိမ့်မည်ဟု သွန်သင်ကြသည်။ သို့မဟုတ် ခရစ်တော်၏အသေခံခြင်းသည် မည်သည့်အပြစ်ကိုမျှ အမှန်တကယ်ပေးဆပ်ခြင်းမဟုတ်ဘဲ အပြစ်အားလုံးကို ပေးဆပ်နိုင်စေခဲ့သည်ဟု သွန်သင်ကြသည်။

သို့သော်၊ သမ္မာကျမ်းစာသည် ခရစ်တော်၏ လက်ဝါးကပ်တိုင်တွင် အသေခံခြင်းက အပြစ်များအတွက် အမှန်တကယ် ပေးဆပ်ခဲ့သည်ဟုဆိုပါသည်။ တမန်တော်ဝတ္ထု ၂၀:၂၈ မှာ ဘုရားသခင်သည် အသင်းတော်ကို သူ့ရဲ့အသွေးတော်နဲ့ ဝယ်ယူခဲ့တယ်လို့ ဆိုထားပါတယ် (မဿဲ ၂၆:၂၈; ဟေဗြဲ ၇:၂၆-၂၇ ကိုလည်းကြည့်ပါ) ။

ဤကျမ်းစာအမှန်တရားကို ဒုတိယအကြိမ် မှားယွင်းစွာ ထောက်ပြခြင်းမှာ ခရစ်တော်သည် လူအားလုံးအတွက် အသေခံခဲ့ခြင်းဖြစ်သည်။ အချို့က ခရစ်တော်သည် လူအားလုံး ကယ်တင်ခြင်းရနိုင်စေခဲ့သည်ဟု သွန်သင်ကြသည်။ သို့သော် မေးရမည့် မေးခွန်းများမှာ ခရစ်တော်သည် လူအားလုံးအတွက် အသေခံတော်မူပါက အဘယ်ကြောင့် လူအားလုံး ကယ်တင်ခြင်းမခံရကြသနည်း ဟူ၍

ဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော် အလိုရှိသည့်အရာကို မလုပ်ဆောင်နိုင်ပါသလား ခရစ်တော်၏ အသေခံခြင်းတွင် ချို့ယွင်းချက် တစ်စုံတစ်ရာ ရှိပါသလား။ လူသည် ဦးစွာ ကယ်တင်ခြင်းခံလိုရမည်လော သို့သော် လုံး၀ ယုတ်မာသော သူသည် ကယ်တင်ခြင်းခံလိုခြင်း မရှိပါ။ သူသည် ဘုရားသခင်ကို မုန်းတီးပြီး ခရစ်တော်၏ အသေခံခြင်းနှင့် ဘာမှ မပတ်သက်လိုပါ။ ထို့ကြောင့် ခရစ်တော်သည် လူအားလုံးအတွက် အသေခံခဲ့သည်ဟု မပြောသင့်ပါ။

ခရစ်တော်သည် မိမိသိုးများအတွက်သာ အသက်စွန့်ခဲ့သည်ဟု သမ္မာကျမ်းစာတွင် ဆိုထားသည် (ယောဟန် ၁၀:၁၁)။ အပြစ်ဖြေခြင်းသည် ဘုရားသခင်ရွေးကောက်တော်မူသောသူများ အတွက်သာ ကန့်သတ်ထားသည်။ ခရစ်တော်၏သိုးတိုင်း၏ အပြစ်တိုင်းအတွက် ပေးဆပ်ပြီးဖြစ်သည်။ ထိုအပြစ်များနှင့် ထိုအပြစ်များကိုသာ ပေးဆပ်ပြီးဖြစ်သည်။ ၎င်းသည် သမ္မာကျမ်းစာဖြစ်သောကြောင့် တစ်ခုတည်းသော ဧဝံဂေလိတရားဖြစ်သည်။ (... ဆက်လက်ဖော်ပြပါမည်)

**Rev. Angus Stewart**

**Covenant Protestant Reformed Church (N. Ireland)**

**Translator – Myitta (Myanmar)**